ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွားထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


ကျောက်တန်းကျေးရွာ၊မကျီးကုန်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ်        နွားထိုးကြီးမြို့နယ်


## မာတိကာ                                                    စာမျက်နှာ


| | |
|---|---|
| ၁။မြို့နယ်မြေပုံ | ၁ |
| ၂။ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၂ |
| ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၃ |
| ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၄ |
| ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ | ၆ |
| ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၂၅ |
| ၈။ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၆ |
| ၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၉ |
| ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၃၀ |
| ၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄) | ၃၃ |
| ၁၂။အစည်းအဝေးမှတ်တမ်းများ | ၃၄ |
| ၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၈ |
| ၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP) | ၃၉ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ကျေးရွာတည်နေရာ- လတ္တီတွတ် ၂၁.၅၆ လောင်တီတွတ် ၉၅.၆၅

### ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ထောင်စု | (ကျား)စုစုပေါင်း | (မ)စုစုပေါင်း | လူမျိုးစုများ |
|---|---|---|---|---|---|---|
| ၁ | မကျီးကုန်းကျေးရွာအုပ်စု | ပဲကြီးခင်း | ၂၉၂ | ၇၆၂ | ၇၈၁ | ဗမာ |
| ၂ | | မကျီးကုန်း | ၇၄ | ၁၉၆ | ၂၀၇ | ဗမာ |
| ၃ | | ကျောက်တန်း | ၂၈၂ | ၆၀၇ | ၆၇၅ | ဗမာ |

### ၄။ ကျေးရွာအခြေခံအချက်အလက်များ( ကျေးရွာသမိုင်းကြောင်း)

ကျောက်တန်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်း တည်ရှိပါသည်။ နွားထိုးကြီးမြို့နှင့် ကျောက်တန်းကျေးရွာ၏ အကွာအဝေးမှာ (၁၂)မိုင်ခန့်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေအထားမှာ ကုန်းလမ်းကိုသာ အသုံးပြုရပါသည်။ ကျောက်တန်းကျေးရွာသည် အိမ်ခြေပေါင်း(၂၈၂)အိမ်ရှိပြီး ကျား(၆၀၇)ဦး၊ မ(၆၇၅)ဦးဖြစ်ပါသည်။ ရှေးလူကြီးများ၏ပြောကြားချက်အရ ကျောက်တန်းကျေးရွာသည် AD 30 ရာစုခန့်က တည်ထောင်ခဲ့သည်ဟုသိရပါသည်။ ရွာတည်စဉ်က အိမ်ခြေမှာ (၁၅)အိမ်ခန့်သာရှိပါသည်။ ကျောက်တန်းကျေးရွာဟု အမည်တွင်ခဲ့သည်မှာ ရွာတည်စဉ်က ထိုနေရာတွင် ကျောက်ဆောင် ကျောက်တန်းများ များစွာတွေ့ရှိရသည်ကို အစွဲပြု၍ ကျောက် ဆိုသည်မှာ တနင်္လာနံဖြစ်သည့်အတွက် (၂)၊ တန်း ဆိုသည်မှာ စနေနံဖြစ်သည့်အတွက် (၇)၊ ပေါင်းခြင်း (၉) ဖြစ်သည့်အတွက် ကိုးနဂင်းကျေးသည်ဟုယူဆာ ကျောက်တန်းဟု အမည်တွင်ခဲ့ပါသည်။ ကျောက်တန်းကျေးရွာမှာ တောင်ဘက်ရွာနှင့် မြောက်ဘက်ရွာဟူ၍ရှိပြီး ရွာ (၂)ခု ကြားတွင် ရေကန်ကြီးတစ်ကန်ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများ မှာ တောင်ယာလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ၊ ကူလီလုပ်ငန်းများလုပ်ကိုင်ပြီး အသက်မွေးကြပါသည်။

ကျောက်တန်းကျေးရွာသည် အပူပိုင်းဇုံတွင် တည်ရှိသောကြောင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း ပုံမှန်ဝင်ငွေမရှိခြင်းတို့ကြောင့် စီးပွားရေးအခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျောက်တန်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲသော ကျေးရွာဖြစ်ပါသည်။ မိုးရာသီတွင် ကျောက်တန်းမှ မြို့သို့သွားလိုလျှင် ဂက်လူးအထိမရောက်မချင်းလမ်းတစ်လျှောက်လုံးမှာ ဗွက်ထပြီး မြေသားချော်သောကြောင့် ခရီးမတွင်ခြင်း အန္တရာယ်ဖြစ်ပေါ်ခြင်းတို့ဖြစ်စေပါသည်။ ကျွန်တော်တို့ ကျောက်တန်းကျေးရွာလေးသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့မှာ မပြည့်စုံသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

၅။ (က)လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း

ကျောက်တန်းကျေးရွာအတွင်းရှိအိမ်ထောင်စုအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်း(ပန်းရံ) လုပ်ငန်းများအားအဓိကထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။မြို့နှင့်အခြားကျေးရွာကျေးရွာများသို့အဓိက ထားဆက်သွယ်သောလမ်းများမှာမိုးရာသီတွင် သွားလာရခက်ခဲနေသည်ကိုတွေ့ရှိရပါသည်။ နွေရာသီတွင်ရေရှားပါးမှုအား အချို့သောနှစ်များတွင် ကြုံတွေ့ရတတ်ပါသည်။ မိုးခေါင်ရေရှားမှုများ နှစ်စဉ် ကြုံလာရပြီးစိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုနည်းပါးလာနေသည်ကိုတွေ့ရှိရပါသည်။

အခြားသောရာသီများတွင် ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်နေကြရသောကြောင့် တပို့တွဲ၊ တပေါင်း၊တန်ခူးလများတွင် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထုပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ကိုတွေ့ရှိရပါသည်။ကျေးရွာအတွင်းလုပ်ငန်းခွင်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရပါသည်။ ကျေးရွာအတွင်းအိမ်ထောင်စုများတွင် အလယ်အလတ်တန်းအဆင့် အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရပါသည်။ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းတွင်ကျေးရွာသားများပါဝင်ဆောင်ရွက် ရလျှင် ကျေးရွာအတွင်းရှိဆင်းရဲသောအိမ်ထောင်စုများအတွက် ဝင်ငွေအခွင့်အလမ်းတိုးတက်ရရှိမည်ဖြစ်ပါသည်။


ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့်အခြားအရေးကိစ္စရပ်အတော်များများတွင် အမျိုးသားများကအမျိုးသမီးများထက် ဦးဆောင်မှုတွင် ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုသာတွေ့ရှိရပြီး အမျိုးသမီးများသည် မိမိကိုယ်ကိုယုံကြည် စိတ်အားနည်းကာ မှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့်အမျိုးသမီးများကိုလည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သော အလေ့အကျင့်နှင့်လုပ်ကိုင်ခွင့် ပိုမိုရရှိအောင် ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းအတော် များများရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအဖွဲ့အစည်းများသည် အချို့သောကျေးရွာပြင်ပဖွံ့ ဖြိုးရေးအဖွဲ့ အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလ ည်း ချိတ်ဆက်မှု အားကောင်းသည်ကိုလည်းတွေ့ရှိရပါသည်။

# (ခ)အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ<br>( Social Map / Resource Map) | ၂၂.၂.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊အဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်လယ်မြေ၊စိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန်<br>( Seasonal Calender) | ၂၂.၂.၁၇ | ရွာလူထု | ၇ | ၈ | ၁၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်ရိတ်သိမ်းချိန်၊ တိရစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား<br>(Metric Ranking) | ၂၂.၂.၁၇ | ရွာလူထု | ၂၀ | ၁၅ | ၃၅ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလို အပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br>(Venn Diagram) | ၂၂.၂.၁၇ | ရွာလူထု | ၉ | ၇ | ၁၆ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက်<br>(Spider Web) | ၂၂.၂.၁၇ | ရွာလူထု | ၅ | ၇ | ၁၂ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊တန်းတူအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း<br>( Wealth Ranking) | ၂၂.၂.၁၇ | ရွာလူထု | ၈ | ၉ | ၁၆ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# ဆွေးနွေးဆန်းစစ်ခြင်း

**ကျေးရွာ။ ။ကျောက်တန်း ရက်စွဲ။ ။၂၂. ၂. ၂၀၁၇**

၁။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်း ပြုကြပါသည်။

၂။ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ကြက်သွန် အဓိကထားစိုက်ပျိုး၍ ကုလားပဲ၊ ဂျုံ တို့အား အနည်းငယ်စိုက်ပျိုးကြပါသည်။

၃။ လွန်ခဲ့သော (၅)နှစ် ထက်စာလျှင် မြေယာပိုင်ဆိုင်မှု လျော့နည်းခြင်း၊ သောက်သုံးရေပေါ်များ၊ ဝင်ငွေလျော့နည်းခြင်းတို့ ဖြစ်လာပါသည်။

၄။ ရွာမှာ အခြားဒေသသို့သွားရောက်ဒေသသို့သွားရောက်လုပ်ကိုင်သူများပြားပြီး သီးခြားနေထိုင်သော အဖွဲ့အစည်းများမရှိပါ။


၅။ တစ်ခြားဒေသသို့ အပြီးသွားရောက်နေထိုင်ကြသူ အနည်းငယ်ရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းချက်များမှာ အိမ်တိုင်းစေ့ လျှပ်စစ်မီးရရန်၊ ရွာတွင်းလမ်းများပြုပြင်ရန်စာသင်ကျောင်းတိုးချဲ့ပြုပြင်ရန်၊အလယ်တန်းကျောင်းရရှိရန်၊ဝန်ထမ်းအိမ်ယာ၊စာသင်ကျောင်းအုတ်တံတိုင်း၊ရွာချင်းဆက်တံတားနှင့်လမ်းပြုပြင်ရန်၊သံမဏ္ဍပ်၊စာကြည့်တိုက်၊ကွန်ပျူတာဆောင်၊ရွာပုံထားရန်အဆောက်အဦး၊ဓမ္မာရုံပြုပြင်ခြင်းနှင့်ကျေးရွာအတွင်းဆေးပေးခန်းရရန်မျှော်လင့်ပါသည်။

# ကျေးရွာသူ၊ ကျေးရွာသားများကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲနေစဉ်



# (ခ) ရာသီခွင်ပြပြက္ခဒိန်



# ဆွေးနွေးဆန်းစစ်ခြင်း

**ကျေးရွာ။ ။ ကျောက်တန်း ရက်စွဲ။**

**။၂၂၊ ၂၊ ၂၀၁၇**

၁။ ပြက္ခဒိန်မှာ ရာသီဥတုအခြေအနေ၊ရာသီပွဲတော်၊ဝင်ငွေရရှိမှု၊ သောက်သုံးရေရရှိမှု၊ အစား အစာဖူလုံမှု၊ ကျန်းမာရေးလက်လှမ်းမီမှု၊ စိုက်ပျိုးသီးနှံ၊သဘာဝဘေးအန္တရာယ်တွေပါရှိပါသည်။

၂။ နှမ်း၊မြေပဲ၊ပဲစိမ်းငုံ၊ထောပတ်ပဲ၊ကြက်သွန်၊ကုလားပဲ အဓိကထား စိုက်ပျိုးကြပါသည်။

၃။ ရာသီခွင်သီးနှံပေါ်ချိန်ဝင်ငွေကောင်းပြီး၊ကြားကာလတွင် ဝင်ငွေမရှိပါ။

၄။ အမျိုးသား တစ်ယောက်၏ တစ်နေ့လုပ်အားခမှာ ထမင်းကျွေး (၅၀၀၀)ကျပ် အမျိုးသမီး တစ်ယောက်၏ တစ်နေ့လုပ်အားခမှာ ကိုယ့်ထမင်းကိုစား (၂၅၀၀) ကျပ်ရရှိပါသည်။

၅။ အမျိုးသားတွေက အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိပါသည်။ အမျိုးသမီးများက လုပ်အားခ နည်းရခြင်းမှာ အမျိုးသားများကဲ့သို့ အလုပ်ကြမ်းမလုပ်နိုင်၍ဖြစ်ပါသည်။

၆။ ငွေတိုးရှာခြင်း၊ သီးနှံများအလှမ်းရောင်းခြင်း၊ ဖားကန့်၊ ပြင်ဦးလွင်၊ မန္တလေးသို့ သွားရောက်၍ မပြေလည်မှုများကို ဖြေရှင်းကြပါသည်။

၇။ သောက်သုံးရေ ရရှိရန် ကျေးရွာစာသင်ကျောင်းအနီးသို့ သွားရောက် ခပ်ယူရပါသည်။

၈။ ရွာမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ပြာသို၊တပို့တွဲလများတွင်ကျေးရွာသူ ကျေးရွာသားများ အလုပ်ရှုပ်ကြပါသည်။

၉။ တပေါင်း၊တန်ခူး၊ ကဆုန် အချိန်တွင် ကျေးရွာသူကျေးရွာသားများ အလုပ်အားလပ် ဝင်ငွေရရှိမှုနည်းပါး၍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်သင့်ပါသည်။

# ကျေးရွာသူ၊ ကျေးရွာသားများရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနေပုံ



# (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ဥစ္စာဓနကြွယ်ဝမှုဇယား

ကျေးရွာ ။ ။ ကျောက်တန်း

အုပ်စု ။ ။ မကျီးကုန်း

ရက်စွဲ ။ ။ ၂၂.၂.၂၀၁၇

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ချမ်းသာ | တိုက်အိမ်၊ ကားပိုင်၊ ရေကန် လယ်ယာပေါ | ၁၀ | ၃% |
| ၂ | အလယ်အလတ် | ပျဉ်ထောင်အိမ်၊ ဆိုင်ကယ် လယ်ယာအသင့်အတင့် | ၈၀ | ၂၈% |
| ၃ | ဆင်းရဲ | ထရံအိမ်၊ လယ်ယာအနည်းငယ် | ၉၂ | ၃၄% |
| ၄ | အလွန်ဆင်းရဲ | ထန်းလက်မိုးအိမ်၊ လယ်ယာမရှိ | ၁၀၀ | ၃၅% |
| | စုစုပေါင်း | | ၂၈၂ | ၁၀၀% |

# ဆွေးနွေးဆန်းစစ်ခြင်း

**ကျေးရွာ။ ။ ကျောက်တန်း ရက်စွဲ။ ။၂၂. ၂. ၂၀၁၇**

၁။ ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စုမှာ (၂၈၂) အိမ်ထောင်စုရှိပါသည်။

(က) ကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စုမှာ (၁၀)အိမ်ထောင်စုခန့်ရှိပါသည်။

(ခ) ကျေးရာတွင် အလယ်အလတ်အိမ်ထောင်စုမှာ (၈၀)အိမ်ထောင်စုခန့်ရှိပါသည်။

(ဂ) ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမှာ (၉၂)အိမ်ထောင်စု ခန့်ရှိပါသည်။

(ဃ) ကျေးရွာတွင် အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ (၁၀၀)အိမ်ထောင်စု ခန့်ရှိပါသည်။


၂။ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ကျေးရွာ၏ထက်ဝက်ကျော်ခန့်ရှိပါသည်။ ဆင်းရဲရခြင်းအကြောင်းမှာ ဝင်ငွေရရှိမှုနည်းပါးခြင်း၊ မိုးခေါင်ခြင်း၊ မိုးကောင်းရေသောလယ်မြေများပြားခြင်း၊ သီးနှံအထွက်နှုန်းလျော့နည်း၍ သီးနှံဈေးမကောင်းခြင်း တို့အဓိက ပါဝင်ပါသည်။

၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျေးရွာအတွင်းမှာ ကျွမ်းကျင်လုပ်သားများနှင့် နေ့စားလုပ်သားများ အသုံးပြုခြင်း အမျိုးသမီးများအား ဝင်ရောက်လုပ်ကိုင်စေ၍ လုပ်ခလစာတန်းတူရရှိစေခြင်းတို့ လုပ်ဆောင်သင့်ပါသည်။

# ကျေးရွာသူ၊ ကျေးရွာသားများဥစ္စာဓနကြွယ်မှုပြဇယားရေးဆွဲနေပုံ



# (ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား



# ဆွေးနွေးဆန်းစစ်ခြင်း

**ကျေးရွာ။ ကျောက်တန်း ရက်စွဲ။**

**။၂၂. ၂. ၂၀၁၇**

၁။ လုံခြုံမှု၊ဝင်ငွေရရှိမှု၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတို့သည် အမျိုးသားများက အမျိုးသမီးများထက် ဦးဆောင်နေ ပါသည်။အိမ်မှုကိစ္စ၊ကျန်းမာရေးလက်လှမ်းမှီမှုတို့တွင် အမျိုးသမီးများက အမျိုးသားများထက် ဦးဆောင်နေပါသည်။ဦးဆောင်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု တို့တွင် အမျိုးသား၊ အမျိုးသမီး တန်းတူရှိနေပါသည်။

၂။ အမျိုးသားများက လွှမ်းမိုးမှုများပြီး အမျိုးသမီးများမှ အချို့နေရာများတွင် စွမ်းဆောင်မှုလျော့နည်းနေပါသည်။

၃။ အမျိုးသမီးများကိုလည်း အဖွဲ့အစည်းများတွင် ဦးဆောင်မှုနေရာပေးသင့်ပါသည်။


၄။ အမျိုးသမီးများမှလည်း မှီခိုလိုစိတ်ကင်းရန်လိုအပ်ပါသည်။

၅။ စီမံကိန်းလုပ်ငန်းများတွင်လည်း အမျိုးသမီးများပါဝင်စေပြီး လုပ်ငန်းများအကောင်အထည် ဖော်ရာတွင် အမျိုးသား အမျိုးသမီး လုပ်ခလစာ တန်းတူပေးရန်လိုအပ်နေပါသေးသည်။

# ကျေးရွာသူ၊ ကျေးရွာသားများပင့်ကူအိမ်သုံးသပ်ချက်ပြဇယားရေးဆွဲနေပုံ



# (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



# ဆွေးနွေးဆန်းစစ်ခြင်း

**ကျေးရွာ။   ။ ကျောက်တန်းကျေးရွာ                    ရက်စွဲ။**

။၂၂. ၂. ၂၀၁၇

၁။ ကျေးရွာအတွင်းမှ အဖွဲ့အစည်း (၁၂) ခုရှိပါသည်။

၂။ ကျေးရွာအတွင်း ပါဝင်သောအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ အဖွဲ့၊ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ မသန်စွမ်းအဖွဲ့၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၊ ရေကော်မတီအဖွဲ့၊ ရေကောင်းရေသန့်ရရှိရေးအဖွဲ့၊ အဟာရအဖွဲ့၊ လူမှုကူညီရေးအသင်း၊ ဓမ္မစကြာအဖွဲ့ တို့ရှိပါသည်။ ကျေးရွာပြင်ပတွင် ရှိသောအဖွဲ့အစည်းများမှာ ဆူးဖြူကုန်း အထက၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ပညာရေးမှူးရုံး၊ ဝက်လူးတိုက်နယ်ဆေးရုံတို့ဖြစ်ပါသည်။

၃။ အဖွဲ့အစည်းများအားလုံး လုပ်ဆောင်မှု ကောင်းကြပါသည်။

၄။အုပ်ချုပ်ရေးမှူးအဖွဲ့၊ကျောင်းကော်မတီအဖွဲ့တို့မှဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

၅။ အဖွဲ့အစည်းတိုင်းလိုလိုတွင် အမျိုးသမီးများပါဝင်မှုအားနည်းနေပါသေးသည်။

၆။ ကျေးရွာတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ ကျေးရွာ မီးသတ်အဖွဲ့၊ရန်ပုံငွေ ထိန်းသိမ်းရေး အဖွဲ့များ လိုအပ်ပါသည်။


၇။ ကျေးရွာပြင်ပမှ အဖွဲ့အစည်းတိုင်းလိုလိုနှင့် ချိတ်ဆက်မှု အားနည်းနေပါသေးသည်။

၈။ ကျေးရွာအတွင်းမှ အဖွဲ့အစည်းချိတ်ဆက်မှု ကောင်းပါသည်။

## ကျေးရွာသူ၊ ကျေးရွာသားများအဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံရေးဆွဲနေပုံ



# (စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား



## အရင်းအမြစ်ထိန်းချုပ်မှုပြပုံစံ

ကျေးရွာ ။ ။ ကျောက်တိုင်

အုပ်စု ။ ။ မကျီးကုန်း

ရက်စွဲ ။ ။ ၂၂.၂.၂၀၁၇




| အမျိုးသား | အမျိုးသမီး | အမျိုးသား + အမျိုးသမီး |
|---|---|---|
| နွားလှည်း | အပ်ချုပ်စက် | |
| ထော်လာဂျီ | လက်ဝတ်ရတနာ | |
| လယ်ထွန်စက် | | |
| ပါတ်ကန်းစခဲ | | |
| လှိုး | | |
| အုန်းကြိုးကျောပြ | | |
| ဓာသမြေကျောပြ | | |
| ဓား | | |
| ဆိုင်ကယ် | | |

# ဆွေးနွေးဆန်းစစ်ခြင်း

**ကျေးရွာ။ ။ ကျောက်တန်း ရက်စွဲ။**
**။၂၂၊ ၂၊ ၂၀၁၇**

၁။ အမျိုးသမီးများအများဆုံး အသုံးပြုသော အရင်းအမြစ်များမှာ အပ်ချုပ်စက်၊ ယက်ကန်းစဉ်၊လက်ဝတ်ရတနာ တို့ဖြစ်ပါသည်။

၂။ အမျိုးသားများအသုံးပြုသော အဆောက်အဦး လုပ်ငန်းများမှာ လယ်ထွန်စက်၊ နွားလှည်း၊ထော်လာဂျီ၊ တို့ဖြစ်ပါသည်။

၃။ အမျိုးသား၊ အမျိုးသမီး အသုံးပြုသော ပိုင်ဆိုင်မှုအဆောက်အဦးများမှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လမ်း၊ကား၊ဆိုင်ကယ် တိုဖြစ်ကြ ပါသည်။

၄။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လမ်း၊ကား၊ဆိုင်ကယ်၊ အသုံးပြုမှုများကို အမျိုးသားများကသာ ဆုံးဖြတ်ချက်ချကြပါသည်။

၅။ အမျိုးသားများ အသုံးပြုသော အဆောက်အဦးလုပ်ငန်းများက အမျိုးသမီးများ အသုံးပြုသော အဆောက်အဦးလုပ်ငန်းများထက် များနေရခြင်းမှာ အမျိုးသမီးများက ထုံးတမ်းအစဉ်လာအရ မှီခိုလိုစိတ်များနေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်း၊ အမျိုးသားများက အမျိုးသမီးများအား နေရာမပေးခြင်းတို့ကြောင့်ဖြစ်ပါသည်။

၆။ အမျိုးသားများမှာ အိမ်ထောင်ဦးစီးများဖြစ်၍ ဆုံးဖြတ်ချက်ချနိုင်ကြ၍ ထိန်းချုပ်မှု တွေပြုလုပ်ကြပါသည်။

၇။ အိမ်ထောင်စုတိုင်းတွင် အမျိုးသားနှင့်အမျိုးသမီးများဆုံးဖြတ်ချက်ချရာတွင်မျှမျှတတချသင့် ပါသည်။

၈။ အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားလာစေရန် အမျိုးသားများက အမျိုးသမီးများအား လက်တွဲခေါ်ယူသင့်ပါသည်။ ခေါင်းဆောင်ပိုင်းနေရာများတွင်လည်း အမျိုးသမီးများအားနေရာ ပေးသင့်ပါသည်။

## ကျေးရွာသူ၊ ကျေးရွာသားများအရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယားရေးဆွဲနေပုံ



## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









# ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)



**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| | | | | | |
|---|---|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-790675429 | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] | |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၈ | ဘာသာ (၁) ဗုဒ္ဓ | ၂၈၂ |
| လူမျိုးစု (၂) | | ဘာသာ (၂) | |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော | | ဘာသာရော | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၉ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက် | ၁၁၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) | ၆၀၇ | ၆၇၅ |
| လူမျိုးစု (၂) | | |
| လူမျိုးစု (၃) | | |
| အိမ်ထောင်ဦးစီး | ၂၃၂ | ၅၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — ၆ ဖာလုံ မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန်-----------၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　　□ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ------------------------------------

**(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------------- [illegible]

(၂) -------------- [illegible]

ကျေးရွာခေါင်းဆောင်　　အမည် [illegible]

လက်မှတ် [signature]　　နေ့စွဲ ၂၂.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး　　အမည် [illegible]

လက်မှတ် [signature]　　နေ့စွဲ ၂၂.၂.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား ( ပုံစံ-၂)

**ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | | | |
| နေ့စွဲ ၂၂-၂-၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် နွားထိုးကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ကျောက်တန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂-၂-၁၇ | ၂၂-၂-၁၇ | ၆၅ | ၉၈ | ၁၆၃ | ၁၆၃ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃-၂-၁၇ | ၂၃-၂-၁၇ | ၇၁ | ၈၃ | ၁၅၄ | ၁၅၄ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၅-၂-၁၇ | ၂၅-၂-၁၇ | ၁၁ | ၇ | ၁၈ | ၁၈ \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၁.၁၁.၂၀၁၆

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မြေ့မြေ့ဦး |
| နေ့စွဲ ၂၇.၂.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး — မြို့နယ် ဆော — ကျေးရွာအုပ်စု မကျီးကန် — ကျေးရွာ ကျောက်တန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်ပြိုးပျက်နေ၍ ကလေးများစာသင်ရန်ခက်ခဲ | ၁ | ကျောင်းသားများ စာသင်ဆောင် မလုံလောက် |
| ၂ | ကျောင်းဝင်း လုံခြုံမှု မရှိ | ၂ | ဆရာ၊ ဆရာမများ နေစရာ မရှိ |
| ၃ | ရွာတွင်းလမ်းများ မိုးရာသီသွားရခက် | ၃ | ကျောင်းခြံစည်းရိုး မရှိ၍ ကလေးများ အန္တရာယ်ရှိ |
| ၄ | ရွာသုံးရေကန်တွင်းရေရှားပါး | ၄ | ရွာတွင်းလမ်းများ မိုးရာသီ ဖွက်ထ သွားရခက် |
| ၅ | ရွာချင်းဆက်လမ်းများ မိုးရာသီသွားလာရခက်ခဲ | ၅ | ရွာချင်းဆက်လမ်းရှိချောင်းတံတား မိုးရာသီသွား |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကလေးများ အေးအေးဆေးဆေး စာသင်နိုင်ရန် | ၁ | စာသင်ကျောင်းဆောင် ကောင်းရှိ |
| ၂ | ကျောင်းသားများ လုံခြုံစွာ စာသင်နိုင်ရန် | ၂ | ဆရာ၊ ဆရာမများ နေစရာ အဆောက်အဦး ရှိ |
| ၃ | ရွာတွင်းလမ်းများ မိုးရာသီသွားလာကောင်းရန် | ၃ | ကျောင်းခြံစည်းရိုး ဖြင့် လုံခြုံမှုရှိပါစေ |
| ၄ | ရွာသုံးရေကန်များ လုံခြုံစွာသောက်နိုင်ရန် | ၄ | ရွာတွင်းလမ်းများ ရာသီမရွေး သွားလာရကောင်း |
| ၅ | ရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရန် | ၅ | ရွာချင်းဆက်လမ်းရှိချောင်းတံတား ရာသီမရွေးကောင်း |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း | ကျား၊မ | ၁၄၂၀၀၀၀၀ | ၁၂၈၂ |
| ၂ | ကျောင်းသုံးပရိဘောဂ | ကျား၊မ | ၁၅၀၀၀၀၀ | ၁၂၈၂ |
| ၃ | ကျေးရွာတွင်းလမ်းပြင် | ကျား၊မ | ၁၅၃၀၀၀၀ | ၁၂၈၂ |
| ၄ | ရွာချင်းဆက်တံတားပြုပြင် | ကျား၊မ | ၁၈၀၀၀၀၀ | ၁၅၀၀ |
| ၅ | လျှပ်စစ်မီးသွယ်တန်းခြင်း | ကျား၊မ | ၄၀၀၀၀၀၀၀ | ၁၂၈၂ |

**ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| အမျိုးသားအဖွဲ့ မှတဆင့်ပေးသော အခက်အခဲ အားနည်းချက်များ | အမျိုးသမီးအဖွဲ့ မှတဆင့်ပေးသော အခက်အခဲများ |
| --- | --- |
| ၆. ကျောက်တိုင် ကျေးရွာ တောင်ပိုင်းအား မသွားနိုင်သဖြင့် ပြဿနာရှိခဲ့<br>၇. လျှပ်စစ်မီး မရ၍ ကျေးရွာလူထု ရွာ အသိ ပညာ ဖွံ့ဖြိုးမှု နည်းပါး | ၆. ဘာသာရေး၊ လူမှုရေး များတွင် မလှူနိုင်သော ... အခက်အခဲ ပေ<br>၇. ရွာသူ၊ ရွာသားများ စာပေ၊ အသိပညာ နည်း<br>၈. ရွာသူ၊ ရွာသားများ ပညာ ဗဟုသုတ တက်မှုနည်း<br>၉. လျှပ်စစ်မီး မရှိ၍ ရွာသူ၊ ရွာသားများ ဖွံ့ဖြိုး မှုနည်းပြီး ကလေးများ စာကြည့်ရန် ခက်ခဲ<br>၁၀. ရွာသုံး ပစ္စည်းများ ထားရာနေရာ မရှိ |
| **အမျိုးသားအဖွဲ့ မှတဆင့်ပေးသော ရေရှည်မျှော်မှန်းချက်** | **အမျိုးသမီးအဖွဲ့ မှတဆင့်ပေးသော ရေရှည်မျှော်မှန်းချက်များ** |
| ၆. ဘာသာရေး လူမှုရေး ပွဲများ အခမဲ့ ပေးဆောင် ပြုလုပ်နိုင်ရန်<br>၇. ကျေးရွာလူထု အသိ ပညာ တိုးပွားရန် | ၆. မလှူနိုင်သော ကောင်း ... ရရန်<br>၇. ရွာသူ၊ ရွာသားများ စာပေ အသိပညာ တိုးပွား<br>၈. ရွာသူ၊ ရွာသားများ ပညာဗဟုသုတ တိုးပွားရန်<br>၉. ရွာသူ သားများ ဖွံ့ဖြိုးမှု ကောင်းမွန်စေ၊ ကလေးများ စာကြည့်ရ အဆင်ပြေရန်<br>၁၀. ရွာသုံး ပစ္စည်း ထားရန် နေရာလိုအပ် |

နောက်ထပ် ပြုလုပ်မည့် အကျိုးပြုသော ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်း

| အမှတ်စဉ် | ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်း | အဆိုပြုသူ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားရမည့်သူ |
| --- | --- | --- | --- | --- |
| ၆ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၁၀ | ၁၀၀၀၀၀၀၀၀ | ၁၂၈၂ |
| | | | | |

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | [illegible] | ကျား | |
| ၂ | [illegible] | ကျား၊မ | |
| ၃ | သံမဏ္ဍပ် | မ | |
| ၄ | ကွန်ပျူတာအဆောင် | မ | |
| ၅ | ဝန်ထမ်းအိမ်ယာ | မ | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးစိုးလွင် ---------- လက်မှတ် [signature] ---------- နေ့စွဲ ၂၃၊ ၂၊ ၂၀၁၇

# ၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

ပြည်ထောင်စုမြို့ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၀.. ၂၀၁၆

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဝဏ္ဏဒေါ်ရွှေဦး (CF) |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး / မြို့နယ် နွားထိုးကြီး | ကျေးရွာအုပ်စု မကျီးကုန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မကျီးကုန်း | ရွာလမ်းကျောက်လမ်း ပြုပြင်ခြင်း | ၃၀၀၀'×၁၈'×၈" | ၄၀၃ | □ ကျား □ မ ☑ ကျား + မ | ၃၄,၀၄၀,၀၀၀ | | | | |
| ကျောက်တန်း | စာသင်ကျောင်း ပြုပြင်ခြင်း | ၄၀'×၃၀'×၁၂' | ၁၂၈၂ | □ ကျား □ မ □ ကျား + မ | ၃၄,၂၀၀,၀၀၀ | | | | |
| ပဲကြီး ခင်း | စာသင်ကျောင်း ပြုပြင်ခြင်း | ၅၀'×၂၆'×၁၁' | ၁၅၄၂ | □ ကျား □ မ □ ကျား + မ | ၃၄,၀၇၀,၀၀၀ | | | | |
| | | | | □ ကျား □ မ □ ကျား + မ | | | | | |
| | | | | □ ကျား □ မ □ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးကျော်ထွန်း [signature]

# ၁၂။အစည်းအဝေးမှတ်တမ်းများ

## အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ စီမံကိန်းမိတ်ဆက်အစည်းအဝေး

ကျေးရွာအမည်။ ။ ကျောက်တန်းကျေးရွာ ရက်စွဲ။ ။၂၂. ၂. ၂၀၁၇

အုပ်စု ။ ။ မကျီးကုန်းအုပ်စု

အစည်းအဝေးစတင်ချိန် 2:30 PM

လူဦးရေ- ကျား-၆၅၊ မ- ၉၈= စုစုပေါင်း-၁၆၃ ဦး အိမ်ထောင်စု ၁၆၃ခုမှ အစည်းဝေးတက်ရောက်ပါသည်။

**2:30 to 2:40 PM ကျောက်တန်း အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် စည်းစည်းလုံးလုံးနှင့်ကျေးရွာလူထုက အစည်းအဝေးပြီးဆုံးသည်ထိ တတ်ရောက်ရန် တတ်တတ်ကြွကြွပူးပေါင်း ပါဝင်ရန်ပြောကြား။ ကျေးရွာ၏အမှန်တစ်ကယ်လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အမှာစကားပြောကြား။

**3:41 to 3:05 PM လူထုစည်းရုံးရေးမှူး ဦးဝင်းကိုမှ စီမံကိန်း မိတ်ဆက်အကြောင်းရှင်းလင်းပြောကြား**

စီမံကိန်း မိတ်ဆက် ၁၅ချက်ကိုအသေးစိတ် ရင်းလင်းပြသပြောဆို၍ ကျေးရွာလူထုမှ အဓိက ပူပေါင်းပါဝင် လုပ်ဆောင်ကြရန် နှင့် တတ်တတ်ကြွကြွ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ကြရန်ပြောကြား။ အနှစ်ချုပ်အနေဖြင့် မရှင်းလင်းသည်များကို ကျေးရွာလူထုမှ မေးမြန်းကြရန်ပြောကြား။

**3:06 to 3:20 PM စီမံကိန်းစက်ဝန်းအကြောင်းကို ဒေါ်အေးစိုးဦးမှ ရှင်းလင်းပြောကြား**

စက်ဝန်းတစ်ပါတ်လည်သလို စီမံကိန်းမှာလည်း တစ်ပါတ်လည်မှ ပြီးဆုံးမည်ဖြစ်ကြောင်း၊ စီမံကိန်း စက်ဝန်းတစ်လျှောက် ကျေးရွာလူထုမှ အဓိက လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း စီမံကိန်းမှာ အပိုင်း(၆) ပိုင်းနှင့် အဆင့် (၁၄)ဆင့် တို့ကို ရှင်းလင်းပြောကြား။

**3:21 to 3:35 PM တာဝန်ရှိသူနှင့် တာဝန်ဝတ္တရားများအကြောင်းကို ကိုစိုးဝင်းနိုင်မှမှ ရှင်းလင်းပြောကြား**

စီမံကိန်းအတွင်းတာဝန်ရှိသူများနှင့် ၄င်းတို့၏တာဝန်ဝတ္တရားများအကြောင်းကို တစ်ခုချင်း အသေးစိတ်ရှင်းလင်းပြောကြား။ ကော်မတီဝင်ရွေးချယ်ရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ဆောင်ရမည့်သူတစ်ထပ်တည်း ရွေးချယ်မိစေရန် ကော်မတီဝင်များ၏ လုပ်ဆောင်ချက်များကိုအသေးစိတ်ရှင်းလင်းပြောကြား။

ဦးဝင်းကို၊ဦးစိုးဝင်းနိုင်၊ဒေါ်အေးစိုးဦး တို့မှ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်း၊ တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများအကြောင်းကို အနှစ်ချုပ်ပြောကြားပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးကြ၍ မရှင်းလင်းသည်များကို မေးမြန်းဖြေကြားခဲ့ပါသည်။

**3:37 to 4:15 PM ဦးဝင်းကို၊ဦးစိုးဝင်းနိုင်၊ဒေါ်အေးစိုးဦးတို့မှ စေတနာ့ဝန်ထမ်းကိုမဲပေးရွေးချယ်ရာ** ကျေးရွာရှိ အမျိုးသားစေတနာ့ဝန်ထမ်းကို ဦးထွန်းထွန်းဦး၊ အမျိုးသမီးစေတနာ့ဝန်ထမ်းကို ဒေါ်ခိုင်ဇင်လင်း တို့အား ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပါသည်။

## 4:15 PM လူမှုဆန်းစစ်ခြင်း လုပ်ငန်းများကို အဖွဲ့ခွဲ၍ လုပ်ဆောင်

လူမှုအရင်းအမြစ်ပြမြေပုံ နှင့် ဥစ္စာနေကြွယ်ဝမှုဇယားအကြောင်းကို ဦးဝင်းကို မှ ရွာသူရွာသားများနှင့်အတူ ကျေးရွာ၏မြေပုံရေးဆွဲခြင်း ရွာအတွင်းရှိ နေအိမ်အဆောက်အဦး အခြေခံအဆောက်အဦးများကို မေးမြန်းရေးဆွဲခြင်းနှင့် နောက် (၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးကို မည်ကဲ့သို့ စိတ်ကူးပုံဖော်ထားကြောင်း နှင့် လိုအပ်သည်များကို ကျေးရွာလူထုမှတင်ပြ၍ မြေပုံအတွင်းထည့်သွင်း ဖြည့်စွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ ဥစ္စာနေ ကြွယ်ဝမှုမှ ကျေးရွာအတွင်း လူမှုလူတန်းစား အဆင့်(၄)မျိုးမှ ဆင်းရဲသူလူတန်းစားများနေရခြင်း အကြောင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို မေးမြန်းဆွေးနွေး။

ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ပိုင်ဆိုင်မှုသုံးသပ်ခြင်းအကြောင်းကို ဒေါ်အေးစိုးဦးမှ ရွာသူရာသားများနှင့်အတူ ပင့်ကူအိမ်ရေးဆွဲ၍ အမျိုးသား၊အမျိုးသမီး အခွင့်အရေး၊ ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု အလုပ်အကိုင်အခွင့်အလမ်းတို့ကို မေးမြန်းဆွေးနွေး၍ အမျိုးသား၊အမျိုးသမီး တန်းတူအခွင့်အရေးရှိမရှိ မေးမြန်းပြောဆိုပြီး တန်းတူအခွင့်ရေးရှိသင့်ကြောင်းပြောဆို။ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုများမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုင်ဆိုင်မှု ထိန်းချုပ်မှုများနေရခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို မေးမြန်းဆွေးနွေး။

ရာသီခွင်ပြ ပြက္ခဒိန်နှင့်အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအကြောင်းကို ဦးစိုးဝင်းနိုင်မှ ရွာသူရွာသား များနှင်အတူ ၁၂ ရာသီအတွင်း ကျေးရွာတွင် ဖြစ်ပျက်နေသည့် ရာသီဥတုအခြေအနေ၊ စိုက်ပျိုးသီးနှံ၊ ရာသီပွဲတော်၊ သောက်သုံးရေ၊ ဝင်ငွေရရှိမှု၊ သဘာဝဘေးအန္တရာယ်၊ အစားအစာဖူလုံမှု၊ ကျန်းမာရေး၊ အခြေအနေတို့ကို မေးမြန်းဖော်ထုတ်၍ ကျေးရွာအတွင်းမည်သည့်အဖွဲ့အစည်းများရှိ၍ မည်သည်တို့ကို လုပ်ဆောင်ကြကောင်း မည်သည့်အဖွဲ့အစည်းက ချိတ်ဆက်မှုအားကောင်း၍ မည်သည့်အဖွဲ့အစည်းက ချိတ်ဆက်မှုမကောင်းကြောင်း၊ မည်သည့်အဖွဲ့ အစည်းများ ဖွဲ့စည်းရန်လိုအပ်နေသေးကြောင်း၊ ကျေးရွာလူထုနှင့် တိုင်ပင်ဆွေးနွေး၍ ကျေးရွာပြင်ပမှ မည်သည့် အဖွဲ့အစည်းနှင့် ချိတ်ဆက်မှုရှိကြောင်း မည်သည့်အဖဲ့အစည်းနှင့် ချိတ်ဆက်မှုအားကောင်း၍ မည်သည့်အဖွဲ့အစည်းနှင့် ချိတ်ဆက်မှု မကောင်းကြောင်း မေးမြန်းဆွေးနွေးတိုင်ပင် ခဲ့ပါသည်။

လူမှု့ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအကြောင်းကို ရွာသူ၊ရွာသားများနှင့် အနှစ်ချုပ် ပြန်လည်တင်ပြဆွေးနွေးပြီး အစည်းဝေးကိုအောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပြီးဆုံးချိန် **5:05 PM**

# အစည်းအဝေးမှတ်တမ်း

အကြောင်းအရာ။ ။ ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာအမည်။ ။ ကျောက်တန်း ရက်စွဲ။ ။၂၃။ ၂။ ၂၀၁၇

အုပ်စု ။ ။ မကျီးကုန်း

အစည်းအဝေးစတင်ချိန် 3:00 PM

လူဦးရေ- ကျား-၇၁၊ မ- ၈၃= စုစုပေါင်း ၁၅၄ ဦး အိမ်ထောင်စု ၁၅၄ခုမှ အစည်းအဝေးတတ်ရောက်ကြပါသည်။

**3:00 to 3:05 PM** **ကျောက်တန်းကျေးရွာ အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။**

ပထမအကြိမ်အစည်းအဝေးတက်ရောက်သလို ဒုတိယအကြိမ်အစည်းအဝေးမှာလည်း ခုလိုစုံစုံညီညီ တက်ရောက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း အစည်းအဝေးတွင် ပြီးစီးအောင်နားထောင်ပေးကြဖို့လုပ်ငန်းရွေးချယ် ခြင်းနှင့် ကော်မတီများရွေးချယ်ရာတွင် မှန်မှန်ကန်ကန် ရွေးချယ်ကြရန်ပြောကြား။

**3:07 to 3:15 PM** ဦးဝင်းကို၊ ဦးစိုးဝင်းနိုင်၊ဒေါ်အေးစိုးဦး တို့မှ ပထမအကြိမ်အစည်းအဝေးမှ လူမှုဆန်းစစ်ချက်များအား ပြန်လည်တင်ပြဆွေးနွေး မရှင်းလင်းသည်များ လိုအပ်ချက်များရှိပါက မေးမြန်းပြောဆိုကြရန် ပြောကြားပါသည်။

**3:17 PM** ဦးဝင်းကို၊ ဦးစိုးဝင်းနိုင်၊ဒေါ်အေးစိုးဦးတို့မှ ကျေးရွာလူထုအား ဦးစားပေး လုပ်ငန်းများ ရွေးချယ်ရာတွင်ကူညီ။

ဦးစားပေးလုပ်ငန်းရွေးချယ်ခဲ့ရာ အမျိုးသား၊အမျိုးသမီးများ၏ ပြသနာအခက်အခဲများ၊ မျှော်မှန်းချက်များ ရှင်းပြ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရွေးချယ်ခဲ့ရာ ရွာမှကားလမ်းသို့(ဂျင်းလမ်း)ပြုလုပ်ခြင်း၊ ရွာတွင်းရေကျော်ကွန်ကရစ်များပြုလုပ်ခြင်း၊စာသင်ကျောင်းအုတ်တံတိုင်းကာရန်ခြင်း၊မူကြိုကျောင်းဆောက်လုပ်ခြင်း၊ ရွာအနောက်ဘက်တံတားပြုပြင်ခြင်း အစရှိသဖြင့် တစ်ခုပြီးတစ်ခု ရွေးချယ်ခဲ့ရာ ဖွံ့ဖြိုးရေးလုပ်ငန်း (၁၀)ခု ရရှိလာခဲ့ပါသည်။ ရရှိလာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးရွာလူထုမှ မဲပေးရွေးချယ်ခဲ့ကြပါသည်။

ဒေါ်အေးစိုးဦးမှ စီမံကိန်းအတွင်းအကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများအကြောင်း ရှင်းပြပြီး စီမံကိန်းလုပ်ငန်းလုပ်ကိုင်ရာတွင် လူမှုအကာအကွယ်များ၊ သဘာဝဆိုင်ရာအကာအကွယ်များအကြောင်းတို့ကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးဝင်းကို၊ ဦးစိုးဝင်းနိုင်၊ဒေါ်အေးစိုးဦးတို့မှ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများကို အဆိုပြု မဲပေး ရွေးချယ်ခရာတွင် အောက်ပါ ကော်မတီဝင်များကို မဲစနစ်ဖြင့်ရွေးချယ်ပြီးမြောက်ခဲ့ပါသည်။

အစည်းအဝေးပြီးဆုံးချိန် 4:55 PM

# မဲပေးရွေးချယ်ခဲ့သော ကျောက်တန်းကျေးရွာမှ ကော်မတီဝင်များစာရင်း

| အမည် | ရာထူး |
|---|---|
| ဦးထွန်းထွန်းဦး | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ဒေါ်ခိုင်ဇင်လင်း | ကျေးရွာ စေတနာ့ဝန်ထမ်း |
| ဦးစိုးလွင် | စီ-ထောက်ဥက္ကဋ္ဌ |
| ဒေါ်စန်းလှ | စီ-ထောက်ဥက္ကဋ္ဌ |
| ဦးညွန့်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီ |
| ဦးတင်မောင်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီ |
| ဒေါ်သန်းဆွေ | ဝယ်ယူရေးဆပ်ကော်မတီ |
| ဒေါ်မော်မော်ဝေ | ကျေးရွာငွေစာရင်းကိုင် |
| ဦးသန်းလှိုင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ဦးကုလား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ဒေါ်အေးမြ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ဦးတော | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ဦးကျော်မင်းစိုး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ဒေါ်ရီရီဆွေ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ဦးဇော်ဝင်း | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ဦးဝင်းဆောင် | အကြံပြုတိုင်ကြားရေးတာဝန်ခံ |
| ဒေါ်ထားနွယ် | အကြံပြုတိုင်ကြားရေးတာဝန်ခံ |

## ၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ(သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | စာသင်ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ရွာတွင်းလမ်းများ ပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | ရွာချင်းဆက်တံတားနှင့် လမ်းပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အသက်မွေးဝမ်းကျောင်းမှု၊ စိုက်ပျိုးရေး | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| ပညာရေး | ၁ | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ကွန်ပျူတာဆောင် ဆောက်လုပ်ခြင်း | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | ပန်ထမ်းအိမ်ယာ | ☐ ကျား<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | စာသင်ကျောင်းဆောင် ပြုပြင်ခြင်း | ☐ ကျား√<br>☐ မ√ | ၂၀၁၇ | ကျေးရွာ | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အခြား | ၁ | လျှပ်စစ်မီးသွယ် တန်းခြင်း | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၂ | ဓမ္မာရုံတိုးချဲ့ပြုပြင်ခြင်း | ☐ ကျား√<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၃ | ရွာဘုံပစ္စည်းထားရန် အဆောက်အဦး | ☐ ကျား√<br>☐ မ√ | | မရှိသေးပါ | မရှိသေးပါ |
| | ၄ | သံမဏ္ဍပ် | ☐ ကျား<br>☐ မ | | မရှိသေးပါ | မရှိသေးပါ |
| | ၅ | | ☐ ကျား<br>☐ မ√ | | | |

၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
  - ရှိ
  - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက်
(အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –